## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၆)နေရာ အတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| ဒုတိယဦးစီးမှူး | ၆ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (သို့မဟုတ်) ယဉ်ကျေးမှုတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် လျှောက်လွှာတင်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပ ပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် (အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးနိုင်ရမည်။

(င) ရွေးချယ်ခြင်းခံရပါက နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်နှင့် အသက်

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

(င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(စ) အိမ်ထောင် ရှိ/မရှိ

(ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Facebook Page: Ministry of Ethnic Affairs Myanmar တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာ(ပူးတွဲ) ပါရှိရမည်–

(က) ပညာအရည်အချင်း အထောက်အထားမိတ္တူ
(ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)

( ခ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း)

( ဂ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်

( င) ပြင်ပ ပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

( စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း

(ဆ) စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း

( ဇ) ပတ်စ်ပို့ဓါတ်ပုံ (၃) ပုံ (လွန်ခဲ့သော (၆)လခန့်)
(ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၅။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ) ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့ မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ် ပြုလုပ်၍ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) ငွေစာရင်းအမှတ် (MD–013545) သို့ ပေးသွင်းရမည်။

၆။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ (၂၄–၁–၂၀၂၂) ရက်နေ့အထိ ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့လျှောက်ထားရမည် ဖြစ်သည်။

၇။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့ စစ်ဆေးမှုပြုလုပ်ပြီး လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်ရာ၌ ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့ရရှိသူ များကို ကပြခြင်း၊ သီဆိုခြင်းနှင့် တီးခတ်ခြင်းများကိုပါ လက်တွေ့စစ်ဆေးသွားမည် ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့် နေ့ရက်နှင့် နေရာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ကြော်ငြာသင်ပုန်း၊ Website: moea.gov.mm နှင့် Facebook Page: Ministry of Ethnic Affairs Myanmar တို့တွင် ကြေညာပေးထားမည် ဖြစ်ပါသည်။

၉။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ် (၂)ခုကို ဖြေဆိုရမည်-

(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ

၁၀။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၃၁၆) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**
**တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန**
**ရုံးအမှတ်(၁၄)၊ နေပြည်တော်**
**ဒုတိယဦးစီးမှူး လျှောက်လွှာပုံစံ**

၁။ အမည် ------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

၃။ အသက်/မွေးသက္ကရာဇ်(ရက်၊လ၊နှစ်) ------------------------------------

၄။ လူမျိုး ------------------------------------

၅။ ကိုးကွယ်သည့်ဘာသာ ------------------------------------

၆။ ပညာအရည်အချင်း၊ ------------------------------------
အောင်မြင်သည့်ခုနှစ်

၇။ လျှောက်ထားလိုသည့်ရာထူး ------------------------------------
(ရာထူးတစ်နေရာသာလျှောက်ထားရန်)

၈။ အဘအမည် ------------------------------------

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

( ခ) အလုပ်အကိုင် ------------------------------------

၉။ အမိအမည် ------------------------------------

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

( ခ) အလုပ်အကိုင် ------------------------------------

၁၀။ ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ် ------------------------------------
------------------------------------

၁၁။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ ------------------------------------
------------------------------------

(လျှောက်ထားသူလက်မှတ်)